# ကံယုံသူများအကြား မျက်နှာပန်းလှ ရေပန်းစားနေတဲ့ ခြစားအကျင့်ပျက်မှု ၊

**ကမ္မနိယာမဟာ အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်ဖို့ ထောက်ပံ့ကူညီပါသလား? ဝေးပါသေး**

အရှင်ဉာဏိက

ဗုဒ္ဓဘာသာဟာ ထာဝရဘုရားဆိုတာကို လက်မခံတဲ့ ဘာသာတရားဖြစ်တယ်၊ ဗုဒ္ဓဘုရားရှင်ကလည်း သူ့ရဲ့သွန်သင်မှုဟာ တန်ခိုးအာဏာရှိတဲ့ ဖန်ဆင်းရှင်တစ်ယောက်ကနေ အရာအားလုံးကိုဖန်ဆင်းပေးတယ်ဆိုတဲ့ ယုံကြည်မှုအပေါ်မှာ အခြေခံတည်ဆောက်ထားတာ မဟုတ်ဘူးဆိုတာကို ရှင်းရှင်းလင်းလင်း မိန့်ကြားထားတယ်၊ သို့ပေမယ့် အများစုသော ထိုင်းနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များနဲ့ ထေရဝါဒကို သက်ဝင်ယုံကြည်တဲ့ နိုင်ငံအများကတော့ ကောင်းတာလုပ်က ကောင်းကျိုးကို ကေန်ခံစားရမှာဖြစ်ပြီး ဆိုးတာလုပ်က ဆိုးကျိုးကို မလွဲမသွေ ခံစားရမှာဆိုတဲ့ ကံတရားရဲ့ ဥပဒေသကို ထာဝရမှန်ကန်တဲ့ နိယာမတစ်ခုအနေ (ကံတရားကသာ အရာရာကိုဖန်ဆင်းတယ်ဆိုတဲ့အနေ)နဲ့ လက်ခံယုံကြည်ကြတယ်၊ ကံတရားရဲ့အခန်းကဏ္ဍကို ကမ္ဘာပေါ်ရှိ အမှန်နဲ့အမှားကို အဆုံးအဖြတ်ပေးတဲ့ ဖန်ဆင်းရှင် ထာဝရဘုရားရဲ့ ဝှက်လက်တစ်ဖက်လို သဘောထားတယ်။

ဗုဒ္ဓဘာသာဝင်တို့အတွက် ပင်မရေသောက်မြစ်ဟာ ကိုယ်ကျင့်တရားကောင်းမွန်ရေးဖြစ်တယ်၊ အားလုံးအပေါ်မှာ တရားမျှတရေးဖြစ်တယ်၊ ထိုင်းနိုင်ငံရှိ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများမှာ ကံတရားအပေါ်ယုံကြည်မှုရဲ့ အခြေခံအနေနဲ့ ကိုယ်ကျင့်တရားကောင်းမွန်ဖို့ သင်ကြားပြသကြတယ်၊ ဗုဒ္ဓဘာသာကောင်းတစ်ယောက်ဆိုတာ မကောင်းမှုလုပ်ရမှာကို အမြဲတမ်းပဲ စိုးရွံ့လေ့ရှိတယ်၊ ခြင် ရိုက်တာ၊ ခွေးကိုကန်တာ၊ တိရစ္ဆာန်များအပေါ် ညှာတာမှုကင်းမဲ့တာ၊ အများကိုမထိခိုက် မနစ်နာနိုင်တဲ့ လိမ်ညာပြောဆိုမှုမျိုးပြုလုပ်တာ၊ ကြမ်းတမ်းတဲ့စကားကိုပြောဆိုတာလိုမျိုးလို အသေးအဖွဲထိခိုက်မှုလေးတွေကိုပင် မကောင်းမှုကျူးလွန်မှု၊ ကိုယ်ကျင့်တရားပျက်ပြားမှုလို့မြင်တာကြောင့် ဗုဒ္ဓဘာသာဝင်အသိုင်းအဝိုင်းမှာ အဲဒီလိုအပြုအမူမျိုးကိုပင်လျင် မနှစ်သက် လက်မခံကြဘူး။

ဗုဒ္ဓဘုရားရှင်က စိတ်စေတနာရဲ့အခန်းကို ရည်ရွယ်ချက်မဲ့အပြုအမူများထက် ပိုမိုအလေးထားဟောကြားခဲ့တာမို့ မကောင်းတဲ့အကြံအစည်အတွေးခေါ်မျိုး၊ တွေးခေါ်ကြံစည်တာကိုပင်လျင် ဝမ်းနည်းဖွယ်အကျိုးဆက် ထွက်ပေါ်လာနိုင်တဲ့ မကောင်းမှုဒုစရိုက်အဖြစ် ရှုမြင်ကြတယ်။

ထိုင်းနိုင်ငံနဲ့ ထေရဝါဒနိုင်ငံများက အများစုသော ဗုဒ္ဓဘာသာဝင်တွေဟာ ဗုဒ္ဓရဲ့အဆုံးအမတရားတွေထဲက ကံတရားအကြောင်းကို အဓိက ပင်မကျောရိုးအဖြစ် သင်ကြားကြရတယ်၊ သူတို့တတွေဟာ ကမ္ဘာလောကကို ရှုမြင်ရာမှာပင် ကံဆိုတဲ့ရှုထောင့်ကနေပဲ ရှုမြင်ကြတယ်၊ သူတို့တတွေ ယခုဖြစ်တည်နေတဲ့အခြေအနေတွေဟာ နောက်နောက်ဘဝများက သူတို့တတွေလုပ်ခဲ့တဲ့ ကံရဲ့အကျိုးဆက်ရယ်လို့ ယုံကြည်ကြပြီး ယခုသူတို့ပြုလုပ်မှုများဟာလည်း နောင်အနာဂတ်ဘဝမှာ ပြန်လည်ခံစားရလိမ့်မယ်လို့ ယုံကြည်ကြတယ်၊ သာမန် အရပ်ပြောပြောရရမယ်ဆိုရင် "အချိန်တန်ရင် နွားပိန်ကန်လိမ့်မပေါ့" ဆိုသလိုပေါ့။ ကိုယ်လုပ်ထားတဲ့ကံဆိုတာ ပျောက်ကွယ်သွားရိုးမရှိဘူး၊ သူ့နဲ့ထိုက်တန်တဲ့အကျိုး ထွက်ပေါ်လာသည့်တိုင်အောင် စောင့်ဆိုင်းလျက်တည်ရှိနေတယ်ရယ်လို့ ဗုဒ္ဓဘာသာဝင်အများစုက လက်ခံယုံကြည်ကြတယ်။

ကံအပေါ်သက်ဝင်ယုံကြည်မှုဟာ ရဟန်းသံဃာများအသိုင်းအဝိုင်းနဲ့လည်း ဆက်စပ်နေတယ်၊ ရဟန်းသံဃာများဆိုတာ ကောင်းမှုပြုလုပ်ရန်အတွက် လယ်ယာမြေကောင်းများသဖွယ်ဖြစ်တယ်ရယ်လို့ ခံယူတယ်၊ ရဟန်းသံဃာတော်များကို ကောင်းနိုးရာရာတွေလှူဒါန်းလျင်ဖြင့် အလှူရှင်များအနေနဲ့ နောင်မှာရလဒ်ကောင်းတွေကို ပြန်လည်ရရှိနိုင်လိမ့်မယ်လို့ ယုံကြည်လက်ခံကြတယ်၊ ဒါကြောင့် ထေရဝါဒနိုင်ငံများမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်အသိုင်းအဝိုင်းမှာ ရဟန်းသံဃာများကို အလှူအတန်းများများပေးလှူခြင်းဟာ ကံတရားရေပန်းစားဖို့အတွက် အကြောင်းတစ်ခုဖြစ်လာတယ်၊ သိသာထင်ရှားစွာပဲ ကံရဲ့အကျိုးပေးကိုယုံကြည်ဖို့ များများဟောပြောကြတဲ့ ဘုရားကျောင်းကန်များဟာ ပုံမှန်အား

ဖြင့် ပိုပြီးကြီးကျယ်ခမ်းနားကြတယ်၊ ပြည့်စုံပေါများကြတယ်၊ အဲဒီလိုဘုရားကျောင်းကန်များနဲ့ ဆက်နွယ်ပတ်သက်သူတွေလည်း အဆင့်မြင့်မြင့်နေထိုင်ရလို့ ကျေနပ်နှစ်သက်မှုကိုရစေတယ်။

သို့သော်ငြားလည်း ကံတရားအကြောင်းကိုအပြည့်အဝနားလည်ပဲ တစ်ဝက်တစ်ပျက်နားလည်မှုအပေါ်မှာအခြခံပြီး ကံတရားဆိုတာ မျှတတယ်၊ ဘက်လိုက်မှုကင်းတယ်ရယ်လို့ အရာရာအပေါ်မှာ သာမန်ပဲကောက်ချက်ဆွဲလိုက်မယ်ဆိုရင်တော့ ကံတရားရဲ့ မူလအခြေခံနဲ့ ဆန့်ကျင်ဘက်အဓိပ္ပါယ်တွေကို ထွက်ပေါ်လာစေနိုင်ပါတယ်၊ ဗုဒ္ဓဘာသာဝင်များရဲ့ ကံတရားအပေါ်သက်ဝင်ယုံကြည်မှုဟာ ကိုယ်တစ်ယောက်နဲ့သာ သက်ဆိုင်တယ်ဆိုတာအပေါ်မှာ အလေးပေးလွန်းတယ်၊ ကိုယ်ပြုသမျှ ကိုယ်သာခံရမယ်ဆိုတဲ့ ပုဂ္ဂိုလ်ရေးသက်သက်အပေါ်မှာ အရေးထားလွန်းတယ်၊ သူတို့ရဲ့အမြင်မှာ ကံတရားဟာ ပတ်ဝန်းကျင်နဲ့ မသက်ဆိုင်သလိုဖြစ်နေတယ်၊ ဒါကြောင့် အမျိုးမျိုးအထွေထွေသော အကြောင်းများနဲ့ နှိပ်စက်ကလူပြုမှု၊ အနိုင်ကျင့်မှုကိုခံရတဲ့သူတွေအပေါ်မှာတောင်မှပဲ ဒါဟာ မတရားသက်သက် အနိုင်ကျင့်မှုကိုခံရတာ၊ ဗိုလ်ကျစိုးမိုးမှုကိုခံရတာလို့ မမြင်နိုင်ကြပဲ ခုလိုဖြစ်ရတာဟာ သူတို့ အတိတ်ဘဝများစွာက ပြုလုပ်ခဲ့တဲ့ မကောင်းမှုရဲ့ အကျိုးဆက်ကို ပြန်လည်ပေးဆပ်နေရခြင်းဖြစ်တယ်လို့ ထင်မှတ်ကြတယ်။

အပြန်အားဖြင့်လည်း ဖောက်ပြန်သူတွေ၊လူဆိုးလူမိုက်တွေ တန်ခိုးအာဏာကြီးထွားနေတာ၊ကောင်းစားပြည့်ဝနေတာကို တွေ့မြင်နေရတာကိုပင်လျှင် ခုလိုတန်ခိုးထွားနေတာ၊ကြီးပွားချမ်းသာနေတာဟာ နောက်နောက်ဘဝတွေတုံးက သူတို့တွေ ကောင်းမှုကုသိုလ်ကံတွေကို ပြုလုပ်ခဲ့လို့ဖြစ်မယ်၊ ကုသိုလ်ကံရဲ့အကျိုးကို ပြန်လည်ခံစားရတာဖြစ်မယ်လို့မြင်ကြတယ်၊ ဒါကြောင့်သူတို့တွေ ရရှိခံစားနေရတာဟာ ထိုက်တန်တယ်၊ မှန်ကန်သင့်မြတ်တယ်လို့ လက်ခံတယ်၊ ကံတရားဟာ ဘယ်သူ့အပေါ်မှာမှ လှည့်စားမှုမရှိဘူး၊ ခုလိုဖြစ်နေခြင်းဟာ ထာဝရမှန်ကန်တဲ့လမ်းစဉ်တစ်ခုသာဖြစ်တယ်ရယ်လို့ ရှုမြင်ကြတယ်၊ ဘဝကိုအဆင့်မြှင့်ဖို့ တစ်ခုတည်းသောနည်းလမ်းကတော့ ဘုရားကျောင်းကန်အသိုင်းအဝိုင်းကိုဗဟိုပြုတဲ့ လှူဒါန်းပေးကမ်းမှုကို ပြုလုပ်ခြင်းပဲဖြစ်တယ်ရယ်လို့ ယုံကြည်ကြတယ်။

ထေရဝါဒနိုင်ငံများမှာ လောကီရေးရာနဲ့ပတ်သက်တဲ့ကံအမြင်ဟာ တရားလွန်ရှေးဆန်လွန်းတဲ့ဝါဒစွဲကို ဖန်တီးပေးသလိုဖြစ်နေတယ်၊ ကံတရားရဲ့ ထာဝရ မှန်ကန်တည့်မည့်ပြီး ဘက်မျှတယ်ဆိုတဲ့ အလွန်ကျယ်ပြန့်တဲ့ သဘောတရားအပေါ်မှာ လိုအပ်တာထက်အဓိပ္ပါယ်ကောက်ယူပြီး ကျဉ်းမြောင်းတဲ့ ကန့်သတ်နယ်ပယ်အပေါ်မှာလည်း တစ်သဘောတည်းပဲ ဖြစ်ရမယ်လို့ ယူဆကြတယ်၊ မကြာခဏဆိုသလိုပဲ ရဟန်းသံဃာများရဲ့မိန့်ကြားချက်စကားကို တကယ့်ပညတ်တော်မူချက်အဖြစ် သဘောထားကြတယ်၊ အများစုသောဗုဒ္ဓဘာသာဝင်တွေဟာ ဘာသာရေးလုပ်ကိုင်နေရမှုများနဲ့ ကျေနပ်စွာနေထိုင်ကြတယ်၊ လောကီလူမှုရေးပြဿနာတွေကနေ ခပ်ခွါခွါနေထိုင်ကြတယ်။ ပြည့်တန်ဆာများ၊ **HIV/Aids** ရောဂါခံစားနေရခြင်းများ၊ အနိုင်ကျင့်ခံ၊ မတရားအစေခိုင်းခံ ကလေးများ၊ ဆူနာမီဘေးဒဏ်ခံရမှုများ စတဲ့ အရာအားလုံးဟာ အရင်ဘဝများက မကောင်းမှုပြုလုပ်ခဲ့မှုများရဲ့ ရလဒ်ကိုခံစားရမှုများအဖြစ် ရှုမြင်ကြတယ်၊ အများစုသော ဗုဒ္ဓဘာသာဝင်များရဲ့ ကံအပေါ်ရှုမြင်ပုံဟာ အမြဲတမ်းပဲ လူ့အဖွဲ့အစည်းအတွင်းက အာဏာရှိသူ၊ တန်ခိုးထွားသူတွေဘက်ကို အလေးသာစေတယ်၊ သူတို့တတွေရဲ့ တန်ခိုးအာဏာကြီးထွားခြင်း၊ ဆုံးဖြတ်လုပ်ပိုင်ခွင့်တွေရရှိနေခြင်းဟာ သူတို့ရဲ့လက်ရှိဘဝအားထုတ်လုပ်ကိုင်မှု သက်သက်ကြောင့်သာမဟုတ်ပဲ နောက်နောက်ဘဝများစွာက ကောင်းမှုပြုလုပ်ခဲ့ခြင်းများရဲ့ ရလဒ်များကြောင့်လည်းပဲဖြစ်တယ်လို့ ယုံကြည်ကြတယ်။

ချမ်းသာကြွယ်ဝသူတိုင်း၊ တန်ခိုးအာဏာကြီးထွားသူတိုင်းဟာ နောက်နောက်ဘဝများစွာက လူ့သူတော်ကောင်းတွေချည်းသာဖြစ်ခဲ့ကြတယ်၊ ဒါကြောင့် ခုဘဝမှာ သူတို့ရရှိခံစားနေကြတဲ့ သူတို့ရဲ့အခြေအနေနဲ့ သူတို့တတွေဟာ ထိုက်တန်သူတွေဖြစ်တယ်ရယ်လို့ ယူဆကြတယ်။ ဗုဒ္ဓဘာသာအသိုင်းအဝိုင်းမှာ လက်ရှိခံစားရရှိနေတဲ့ လူတန်းစား အခြေအနေဟာ မြဲမြန်ခိုင်ကျည်လှတယ်။

ကျောင်းကန်ဘုရားများကို များများလှူဒါန်းလေ၊ ကောင်းကျိုးကျေးဇူးလည်းများများရလေဆိုတာကို လက်ခံယုံကြည်တာကြောင့် အကျင့်ပျက်နိုင်ငံရေးသမားများ၊ ဒုစရိုက်ဂိုဏ်းခေါင်းဆောင်များ၊ ပြစ်မှုကျူးလွန်သူများနဲ့ မတရားစိုးမိုးအုပ်ချုပ်တဲ့အာဏာရှင်များပင်လျှင် ရဟန်းသံဃာများကို လှူဒါန်းပေးကမ်းမှုများပြုလုပ်ပြီး သူတို့ရဲ့လှူဒါန်းပေးကမ်းမှု

များကိုလည်း ကျေနပ်အားရစွာ လူသိရှင်ကြားပြုလုပ်ကြတယ်။ ဒါဟာ သူတို့ရဲ့မကောင်းမှုတွေကို ကောင်းမှုကုသိုလ်နဲ့ဖာထေးအစားထိုးကုစားဖို့ သေချာတဲ့ နည်းလမ်းကောင်းတစ်ခုအဖြစ်လက်ခံကြတယ်။ ဒီလိုပြုလုပ်တာဟာ သူတို့ကျူးလွန်တဲ့ အပြစ်တွေကနေ ကင်းလွတ်စေဖို့သက်သက်သာမဟုတ်ပဲ ဒီကောင်းမှုကုသိုလ်ပွဲကနေ သူတို့တတွေရဲ့ရရှိနေတဲ့ ဩဇာအာဏာပါဝါကို လိုအပ်သလိုအသုံးချနိုင်ဖို့နဲ့ လူ့ဘောင်အသိုင်းအဝိုင်းကလည်း သူတို့ကို ရိုသေလေးစားအောင်ဖြစ်တယ်။

အကျိုးဆက်အဖြစ်ကတော့ အကျင့်ပျက် ချစားနိုင်ငံရေးသမားများနဲ့ မကောင်းမှုကို လွန်လွန်ကဲကဲကျူးလွန်တဲ့သူတွေအဖို့ သူတို့ရဲ့ချမ်းသာကြွယ်ဝမှုနဲ့ ရရှိနေတဲ့အနေအထားကို ကျေနပ်အားရဖြစ်စေနိုင်တယ်၊ တချို့ရဟန်းတော်များနဲ့ ဘုရားကျောင်းကန်များလည်း အလားတူပဲဖြစ်တယ်၊ တဖက်မှာတော့ သမန်ပြည်သူလူထုမှာ ဆင်းရဲသည်ထက်ဆင်းရဲလာပြီး ဥပေက္ခာပြုမှုကိုလည်း ပိုမိုခံလာရတယ်။

လူ့ဘောင်အသိုင်းအဝိုင်းတိုးတက်ဖို့အတွက် ဗုဒ္ဓဘာသာဝင်များအနေနဲ့ သူတို့ရဲ့ ကံကိုအဓိပ္ပါယ်ဖွင့်ဆိုမှုကို ပြောင်းလဲရန် အရေးတကြီး လိုအပ်နေပြီ၊( ကံဆိုတာကို မှန်မှန်ကန်ကန် နားလည်တတ်ဖို့လိုပြီ)၊ ပုဂ္ဂိုလ်အသီးသီးဟာ တစ်ဦးနဲ့တစ်ဦး သီးခြားရပ်တည်နေတာမဟုတ်ဘူး၊ ကံဆိုတာ ရည်ရွယ်ချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်ဦးပြုလုပ်လျှင်အခြားတစ်ဦးတစ်ယောက်အပေါ်မှာလည်း အကျိုးသက်ရောက်စမြဲဖြစ်တယ်။

ကမ္ဘာပေါ်က ကျွန်ုပ်တို့အားးလုံးဟာ တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်တာဝန်ခံရတဲ့သဘောမျိုးရှိတယ်၊ ကျွန်ုပ်တို့အားလုံးဟာ ကံတရားရဲ့ အပြောကျယ်ကာ ပေါ်လွင်သိသာတဲ့နယ်ပယ်ထဲက အစိတ်အပိုင်းလေးတစ်ခုသာပဲဖြစ်တယ်။ ဒီလိုမှမဟုတ်လျှင်တော့ ကံတရားအပေါ်ယုံကြည်သက်ဝင်မှုဟာ တရားမျှတမှု၊ လူ့အခွင့်အရေးနဲ့ အရပ်သားလူ့အဖွဲ့အစည်းတွေ တိုးတက်ဖို့ရန်အတွက် အကြီးမားဆုံးသော အနှောက်အယှက် အတားအဆီးတစ်ခုအဖြစ်သာတည်ရှိ နေပေလိမ့်ဦးမယ်။ ။

အရှင်ဉာဏိက

Bangkok Post, May 25, 2005 ပါ

METTANANDO BHIKKHU ၏

Effervescent corruption in karma-cola

Does the Law of Karma help in the fight against corruption? Far from it!

ကို တိုက်ရိုက်ဘာသာပြန်ထားခြင်းဖြစ်သည်။